Swedish Burmese Human Rights Association

SBHRA

Contact email: info@sbhra.se website: www.sbhra.se

# ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများ လူ့အခွင့်အရေးအသင်း (SBHRA)

Sandvikenမြို့ တွေ့ဆုံဆွေးနွေးပွဲ/ (ဦးအောင်ထူးမှ ပညာပေးဆွေးနွေးခြင်း)

၂၀၁၀ခုနှစ် ဖေဖော်ရီလ (၂၇) – (၂၈) ရက်

*တက်ရောက်ကြသူများ။*

- ဦးအောင်ထူး
- ဒေါ်ဌေးဌေး
- ဦးဇော်လင်းထွေး
- ဦးဌေးဇေယျာ
- ဦးစိုင်းတင်အောင်ဟိန်း
- ဒေါ်မြလေး
- ဒေါ်နော်မြင့်အေး (လေ့လာသူ)
- ဒေါ်နော်ခူး
- ဒေါ်ငယ် (လေ့လာသူ)
- ဦးဇော်မျိုးလှိုင်
- ဒေါ်မီးမီး (လေ့လာသူ)
- ဦးပီတာ (လေ့လာသူ)

*(ပညာပေး)ဆွေးနွေးပွဲ မှတ်တမ်း အကျဉ်းချုပ်မျှသာဖြစ်သည်။*

**ဦးအောင်ထူး။** ပဏာမဆွေးနွေးရှင်းပြချက်များ။

ဥရောပပါလီမန်ကနေ၂၀၁၀ ရွေးကောက်ပွဲကိုလက်ရှိအခြေအနေနှင့်သွားလျှင် လက်မခံနိုင်ကြောင်း ထုတ်ပြန်ချက်ထွက်လာ။

ဆွေးနွေးတင်ပြချက်တွင် အယူအဆ အတွေးအခေါ်တွေကို ရှင်းပြနိုင်ရင် ပိုအားကောင်းကြောင်း၊ တိုင်းပြည်အခြေခံ၍ ရှင်းပြလျှင် လေးစားမှုပိုမိုရရှိနိုင်၊

**<u>ဆွေးနွေးချက်များ။</u>**

အရေးကြီးသော အခြေခံသဘောတရားများကို ဆွေးနွေးခြင်း၊

တိုင်းပြည်တွင်ဖြစ်ပေါ်နေသည်များကို အခြေခံ၍ ဆွေးနွေးခြင်း၊

လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာကို ဆွေးနွေးခြင်း၊

**ပထမနေ့ (၂၇ ရက်နေ့)။**

နိုင်ငံရေးအတွေးအခေါ် ပညာပေးမှုပိုင်းအားနည်း။ ဤသည်နှင့် ဆက်စပ်၍ အခြေခံသဘောတရားများကို ဆွေးနွေးရန်။

လူတစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု–

မတူညီသော အတွေးအခေါ်များရှိ။ သို့မှသာလျှင် လူ့အဖွဲ့အစည်း ရှေ့ဆက်သွားနိုင်။

လူတစ်ဦးချင်းစီ လွတ်လပ်မှုရှိသော လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရန် တရားဥပဒေစိုးမိုးမှုရှိရန်လို၊ ဖွဲ့စည်းပုံ၌ ထည့်သွင်းဖော်ပြထားရန်

**ဇော်လင်းထွေး–** ဥပဒေစိုးမိုးမှုရှိမှ တရားမျှတမှုရှိမည်။ ဒေါ်စုဖမ်းဆီးခံရခြင်းကို ဥပမာပေး။

**မငယ်–** ဖွဲ့စည်းပုံ (သို့) ဥပဒေများတွင် ထည့်သွင်းထားသည်များကို လူထုကော၊ အစိုးရပါလိုက်နာရန်လို။

**မြလေး–** တရားဥပဒေက မည်သူ့ကိုမျှ ဘက်လိုက်ခြင်းမရှိစေရ။ အားလုံး သာတူညီမျှ ရှိစေရန်လို။

**ဇေယျာ–** အစိုးရက ၄င်းတို့၏အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် ဥပဒေများကို မကျင့်သုံး။

**ဇော်လင်းထွေး**– ဥပဒေအောက်တွင် အားလုံးတပြေးညီ ရှိရမည်။

**ဇေယျာ**– တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး (၂)ခုတွင် ခြားနားမှုရှိ။

**ဦးအောင်ထူး–** ဥပဒေစိုးမိုးရေး– (ဆင်းရဲ ချမ်းသာ) အားလုံးက ဥပဒေများကို လိုက်နာရမည်။

**မြလေး–** တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုများကြောင့် ရရှိလာသော မတူညီသည့် ရလာဒ်များသည် တရားမျှတမှုမရှိသည်ဟူ၍ မဆိုနိုင်။

**ဦးအောင်ထူး–** တရားမျှတမှု– အခွင့်အလမ်းတန်းတူရှိရမည်။ တက္ကသိုလ်တက်ရောက်နိုင်သော အခွင့်အလမ်းနှင့် ဥပမာပေးသည်။ ဆွီဒင်နိုင်ငံကို ဥပမာပေးသည်။

**မမြင့်အေး**– တရားမျှတမှုသည် ဥပဒေကို ကျင့်သုံးသည်အပေါ်တွင် မူတည်သည်။

**ဒေါ်ဌေး–** တရားမျှတမှုဆိုသည်မှာ လူတိုင်းခံစားခွင့်ရှိသည့်အပေါ်တွင် မူတည်သည်။

**ဦးအောင်ထူး–** အပြစ်ရှိသူ အပြစ်ကျခံရခြင်းသည် ဥပဒေစိုးမိုးရေး(ဒုတိယမူ) ဖြစ်သည်။

**မြလေး–** တရားဥပဒေစိုးမိုးရေးရှိမှ တရားမျှတမှုရှိမည်။ မမြင့်အေးထောက်ခံ။

**မငယ်–** တရားမျှတမှုရှိမှ တရားဥပဒေစိုးမိုးမှုရှိမည်။

**ဦးအောင်ထူး–** တရားဥပဒေစိုးမိုးရေးမရှိလျှင် တရားမျှတမှုမရှိတော့မည့်ပုံစံရောက်သွားမည်။

**မငယ်–** လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို တရားမျှတမှုနှင့် ဆက်စပ်စဉ်းစားသည်။

**ဦးအောင်ထူး–** လူတိုင်းလိုက်နာလျှင် ဥပဒေစိုးမိုးမှုရှိ။ တရားမျှတမှုကို လျစ်လျူရှုပြီး ဥပဒေစိုးမိုးရေးကိုသာ ရှာတော့မည်။

**တရားမျှတမှု –** တရားဥပဒေစိုးမိုးရေးကို အမြဲတစေကျင့်သုံး၍ မဖြစ်နိုင်။ ပြစ်မှုကျူးလွန်သူ၏ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်းများကို ရှာဖွေရမည်။ ဖွဲ့စည်းတည်ဆောက်မှုကို ထည့်သွင်းစဉ်းစားသည်။ လူ့ယဉ်ကျေးမှု၊ အဖွဲ့အစည်းစသည့် အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားသည်။ ဥပဒေမစိုးမိုးသော်ငြားလည်း တရားမျှတမှုရှိသည့် လူ့အဖွဲ့အစည်းများရှိ။ တရားမျှတမှုသည် ပို၍ရင့်ကျက်၊ ပျော့ပြောင်း၊ နက်နဲ။ ဥပမာ– အသတ်ခံရသူ၏ မိသားစုကို မည်သို့ထောက်ပံ့ရမည်နည်း။

### တန်းတူညီမျှမှု။

**ဒေါ်ဖြေး–** အကြွင်းမဲ့ တန်းတူညီမျှမှုမရှိနိုင်။

**မမြင့်အေး–** အရည်အချင်းပေါ်မူတည်၍ ရရှိခံစားပိုင်ခွင့်များ မတူညီနိုင်။

**ဦးအောင်ထူး–** အခွင့်အရေးနှင့် အခွင့်အလမ်းကွာခြားချက်ကို ရှင်းပြ။ ဥပမာ– ကျောင်းတက်ပိုင်ခွင့်။

ဒုက္ခသည်များနှင့်စပ်လျဉ်း၍ ဆွီဒင်နိုင်ငံတွင် ပညာရေး၌ တန်းတူညီမျှမှု မရှိဟု အားလုံးက ဆွေးနွေး။

တန်းတူညီမျှမှုကို ကိုင်စွဲ၍ တိုင်းပြည်တစ်ခု၏ မဏ္ဍိုင်(၃)ခုဖြစ်သော အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးတို့ကို တည်ဆောက်ရမည်။

စစ်တပ်သည် တိုင်းပြည်ကို ပြည်ပရန်မှ ကာကွယ်ရန်အတွက်သာဖြစ်သည်။

တန်းတူညီမျှစေချင်သောကြောင့်သာ အချို့သော လူမည်းကျောင်းသားများကို အထူးအခွင့်အရေးပေးခြင်းဖြစ်သည်။

သို့သော်လည်း မြန်မာစစ်တပ်သည် အားကောင်းပြီးသားဖြစ်သည်။

၁၇၈၉ ပြစ်သစ်တော်လှန်ရေးမှ အစပြု၍ တန်းတူညီမျှမှုအခြေခံသဘောတရား ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

မတူညီသော နောက်ခံအခြေအနေများအပေါ်မူတည်၍ တရားလို(သို့)တရားခံတို့၏ အားနည်းချက်များကို ဖြည့်ပေးရမည် (ဥပမာ– ရှေ့နေငှားခွင့်၊ စကားပြန်၊ ဥပဒေရေးရာ အကူအညီ စသည်)။ ၎င်းတို့ကို အကူအညီပေးနိုင်သော လူထုအဖွဲ့အစည်းများ ရှိရမည်။

### အုပ်ချုပ်ရေး။

အမျိုးသမီးကို အခြေခံ၍ စဉ်းစား။

အုပ်ချုပ်ရေးတွင် အဘယ်ကြောင့် အမျိုးသမီးများပါဝင်သင့်သနည်း။

လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လူမျိုး(သို့)အုပ်စုများကို ကိုယ်စားပြုသော အခွင့်အရေးများ။ မည်သို့သော အခွင့်အရေးမျိုးက ပို၍ အလေးသာသနည်း။

**မငယ်–** စုပေါင်းမှုရှိမှ တစ်ဦးချင်းစီ၏ အခွင့်အရေးကို ကျင့်သုံးနိုင်မည်။ လူမျိုးရေး(သို့)အမျိုးသားရေးက ပို၍ အဓိကကျသည်။ ဤသို့မှသာလျှင် တစ်ဦးချင်း အခွင့်အရေးရှိမည်။

**ဇော်လင်းထွေး–** တစ်ဦးချင်း အခွင့်အရေး ပို၍ အဓိကကျ။

**ဇေယျာ–** ဘယ်အရာက ပို၍ အရေးကြီးသည်ကို အတိအကျပြော၍ မရနိုင်။

**မမြင့်အေး–**တစ်ဦးချင်းအခွင့်အရေး ပို၍ အဓိကကျ။

**ဦးအောင်ထူး –** လူတစ်ဦးချင်း ရသင့်ရထိုက်သော လူ့အခွင့်အရေးကို ရှင်းပြဆွေးနွေး။ မိမိတို့ အဖွဲ့အနေဖြင့်လည်း အခွင့်အရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို တစိုက်မက်မက် လုပ်ဆောင်သွားသင့်သည်ဟူ၍ အကြံပြု ပြောကြား။ ၁၉၄၇ ခုနှစ်မှ ၁၉၆၄ ခုနှစ် အတောအတွင်း မြန်မာနိုင်ငံတွင် တဦးချင်း အခွင့်အရေးရပြီး အုပ်စုလူမျိုးအလိုက်အခွင့်အရေးရခွင့် မရှိခဲ့။

လူတယောက်က ရှာဖွေသင့်တဲ့တန်ဖိုး ။ (၁) တာဝန်သိတဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးစား။ လူ့အဖွဲ့အစည်းကို ပြန်ကူညီရမယ်။

**ဒုတိယနေ့ (၂၈ ရက်နေ့)။**

ဖွဲ့စည်းပုံအခြေခံဥပဒေသည် တန်းတူညီမျှမှုကို အာမခံရမည်။

(၁) ၄င်းသည် နိုင်ငံသားများ၏ အခွင့်အရေးကို ကန့်သတ်ထားသည်။
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူအများ၏ အခွင့်အရေးများကို ထည့်သွင်းပြဌာန်းထားသည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် အဆိုပါကဲ့သို့ မဟုတ်ချေ။

တရားစီရင်ရေးစနစ် မှန်ကန်ကောင်းမွန်မှသာလျှင် ဥပဒေစိုးမိုးရေးရှိမည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေသည် တရားစီရင်ရေးလွတ်လပ်မှုနှင့် ဘက်မလိုက်မှုကို အာမခံနိုင်ခြင်းမရှိ။

(၄) စစ်ဖက်ဆိုင်ရာတရားရုံးကို သီးခြားဖွဲ့စည်းတည်ထောင်ခြင်းသည် ဒီမိုကရေစီအခြေခံရော၊ လူ့အခွင့်အရေးအခြေအခံများနှင့်ပါ ဆန့်ကျင်နေသည်။

(၅) လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရား– တိုင်းပြည်တိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များသည် လူထုကတင်မြှောက်ထားသော အစိုးရလက်အောက်တွင်ရှိရမည်။

(၆) 'အမျိုးကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ' National Defence and Security Council (NDSC) ကို အုပ်ချုပ်ရေးကဏ္ဍတွင် ထည့်သွင်းထားခြင်း။

(၇) စစ်တပ်က ၄င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်စပ်လျဉ်း၍ လွတ်ငြိမ်းခွင့်ရှိခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းဖေါ်ပြထားခြင်း။

*မှတ်တမ်း*
*ဦးဇော်မျိုးလှိုင်*